Burma Democratic Action Group
1-16-10-101, Shinjuku ku,
Takadanobaba,
Tokyo 169-0075, Japan
Phone: 03 3207 5920, 03 5567 0595

Mobile: 090 4964 9718
090 8720 9017.Fax: 03 3207 5920
Email: BDAgroup@msn.com
bda_group@hotmail.com
Http://www.maykha.org

Burma Democratic Action Group

# မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ ထုတ်ပြန်ကြေငြာချက်

**နေ့စွဲ။ ၂၀၀၇ ခုနှစ်၊ မတ်လ ၁၃ ရက်။**

ယနေ့သည် ၁၉ နှစ်မြောက် မြန်မာ့လူ့အခွင့်အရေးနေ့ဖြစ်သည်။ နိုင်ငံတကာနှင့်သက်ဆိုင်သော လူ့အခွင့်အရေးနေ့အဖြစ် ဒီဇင်ဘာ ၁၀ ရက်ကို သတ်မှတ်ထားသော်လည်း နိုင်ငံတခုချင်းအလိုက် လူ့အခွင့်အရေးနေ့ သတ်မှတ်ဖြစ်ပေါ်ခြင်းသည် ဤကမ္ဘာပေါ်တွင် များများစားစားရှိမည်မဟုတ်ပါ။ သို့ဖြစ်ပါလျှင် မြန်မာနိုင်ငံ၌ မြန်မာ့လူ့အခွင့်အရေးနေ့ဟု သတ်မှတ်ခဲ့ခြင်းသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျှက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအား ထင်ရှားစွာ မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်၏။

ဤကမ္ဘာကြီးတွင် စစ်ပွဲများ၊ အနိဌာရုံများ၊ ပဋိပက္ခများသည် လူတစုက အခြားလူတစုကို၊ လူမျိုးတမျိုးက အခြားလူမျိုးတမျိုးကို နိုင်ထက်စီးနင်းလုပ်၍ လူ့အခွင့်အရေးချိုးဖောက်ခြင်းမှ အခြေခံကာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းလူ့အခွင့်အရေးချိုးဖောက်မှုများအား သေချာစွာလေ့လာဆန်းစစ်ကြည့်ပါက လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစလေ့ထုံးစံကွဲပြားခြားနားမှုကို အခြေခံ၍ ဖြစ်ပေါ်သောလူ့အခွင့်အရေးချိုးဖောက်မှု၊ နိုင်ငံရေး၊ စီးပွားရေးတို့ကိုအခြေခံ သော လူ့အခွင့်အရေးချိုးဖောက်မှုတို့သည် ကမ္ဘာ့သမိုင်းတွင် မထူးဆန်းလှပေ။ သို့သော် အဆိုပါကွဲပြားခြားနားချက်များ မရှိပါလျှက် ကိုယ့်လူမျိုးအချင်းချင်း၊ကိုယ့်ဘာသာအချင်းချင်း ကိုယ့်နိုင်ငံသားအချင်းချင်း ရက်စက်ကြမ်းကြုတ်စွာ ပြုမူရမ်းကားလျှက်ရှိသော အာဏာရူး စစ်ဝါဒီတစုကြောင့် မြန်မာနိုင်ငံတွင် တိုင်းပြည်ဂုဏ်သိက္ခာ၊ ပြည်သူတို့၏ဂုဏ်သိက္ခာ ကျဆင်းပြီး အနိဌာရုံမျိုးစုံဖြစ်ပေါ်နေပေသည်။

မြန်မာပြည်တွင် မှီတင်းနေထိုင်ကြသော (၅၄) သန်းသော ပြည်သူတို့သည် အစားဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းနှင့် အခြားသော လူမှုဒုက္ခအဝဝတို့ကို ခံစားနေကြရပေသည်။ ထိုမျှသာမက လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ မိမိ၏ ဆန္ဒသဘောထားကို လွတ်လပ်စွာ ပြသခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာပညာသင်ခွင့်၊ လွတ်လပ်စွာ ရှာဖွေစားသောက်ခွင့်၊ နိုင်ငံအတွင်း လွတ်လပ်စွာမှီတင်းနေထိုင်ခွင့် စသည့် လူသားတို့၏ အခြေခံရပိုင်ခွင့်များ ဆုံးရှုံးလျှက် ရှိပေသည်။

မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသူ ထောင်နှင့်ချီ၍ရှိနေခြင်း၊ ကလေးသူငယ်များသည်လည်း ပညာသင်ချိန်တွင် လွတ်လပ်စွာ ပညာသင် ကြားခွင့်မရသည့်အပြင် နအဖလူရမ်းကား စစ်အုပ်စု၏ စစ်တပ်အတွင်းသို့ အတင်းအကြပ်ထည့်သွင်းခြင်း၊ တိုင်းရင်းသူအမျိုးသမီးငယ်လေးများအား ကာမအိန္ဒြေ ဖျက်ဆီးခံရခြင်း၊ မုဒိန်းကျင့်ခံရခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ အဓမ္မနေရာရွှေ့ပြောင်းခြင်း တို့သည် မြန်မာနိုင်ငံအနှံ့အပြားတွင် နေ့တဓူဝ ဖြစ်ပွားလျှက်ရှိပြီး ယင်းတို့သည် လက်နက်ကိုင်စစ်ဝါဒီတို့၏ အာဏာသက်ဆိုးရှည်နိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်ကျူးလွန်လျှက်ရှိသော နည်းဗျူဟာ မြောက်လုပ်ရပ်များဖြစ်ပေသည်။ နအဖစစ်အုပ်စု၏ ရမ်းကားမှုများ ဆိုးဝါးလွန်းလှ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဆင့်အထိရောက်ခဲ့ခြင်းဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံအနှံ့အပြားတွင် ကြေကွဲဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်ခြင်းများ အတောမသတ်ဖြစ်ပေါ်လျှက်ရှိနေသည်ကို နိုင်ငံတကာမှ မြင်တွေ့နေရသည်ဖြစ်ရာ မြန်မာနိုင်ငံတွင်ဖွင့်လှစ်ထားသော ရုရှား၊ တရုတ်သံရုံးတို့အနေဖြင့် မည်သည့်အတွက် မမြင်၊ မကြားဖြစ်နေသည်ကို မြန်မာပြည်သူတို့ နားမလည်နိုင်ပါ။

ရုရှား၊ တရုတ် နှင့် တောင်အာဖရိကနိုင်ငံတို့မှ နအဖအား အကာအကွယ်ပေးသောလုပ်ရပ်သည် လွန်စွာစက်ဆုတ်ရွံ့ရှာဖွယ်ဖြစ်သည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသော အာဏာရှင်နိုင်ငံများဖြစ်သည့်အပြင် အမေရိကန်ဆန့်ကျင်ရေးအဖြစ် နအဖ စစ်အုပ်စုအား အကာအကွယ်ပေးခြင်းသည် မထူးဆန်းလှသော်လည်း တချိန်က လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသောနိုင်ငံဖြစ်သည့်တောင်အာဖရိကနိုင်ငံ၏ လုပ်ရပ်သည် လွန်စွာရှယ်ဖွယ်ပင်ဖြစ်သည်။ သို့သော် နအဖစစ်အုပ်စုအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုသုံး၍ အကာအကွယ်ရယူခဲ့ခြင်းကို အောင်ပွဲတခုအဖြစ်မယူဆသင့်ပေ။ မြန်မာနိုင်ငံသားတို့အား လက်နက်အားကိုးခြိမ်းခြောက်၍ဖြစ်စေ၊ ကြေးစားလူမိုက်ကြံ့ဖွတ်တို့ဖြင့် အကြမ်းဖက်၍ဖြစ်စေ ဖိနှိပ်ခြင်းသည် အချိန်အတိုင်းအတာ တခုအထိသာ အောင်မြင်နိုင်မည်ဖြစ်သည်။ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီခေါင်းဆောင်တို့မှ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ငြိမ်းချမ်းစွာ ဆွေးနွေးကြဖို့ဆန္ဒရှိကြတဲ့အတွက် ပြည်သူတရပ်လုံးမှ သည်းခံနေကြခြင်းဖြစ်ပါသည်။သို့သော် မခံနိုင်သည့်အဆုံး တနေ့နေ့တချိန်ချိန်တွင် ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ခဲ့ပါက ပြည်တွင်းစစ်မီးတောက်လောင်နိုင်သည်ကို နအဖစစ်အုပ်စု သတိချပ် သင့်ပေသည်။ နအဖစစ်အုပ်စုအနေဖြင့် တချိန်က ဆိုဗီယက်တို့၏ ကွန်မြူနစ်ပါတီ၊ အင်ဒိုနီးရှား၏ ဂိုကာပါတီ၊ အီရတ်၏ ဘာ့သ်ပါတီ တို့၏ သမိုင်းကို သင်ခန်းစာယူသင့်ပါသည်။

ထို့ကြောင့် ၁၉ နှစ်မြောက် မြန်မာ့လူ့အခွင့်အရေးနေ့အချိန်အခါတွင် မိမိတို့ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများအဖွဲ့ အနေဖြင့် နအဖစစ်အုပ်စုအား အသိပေးလိုသည်မှာ –

(၁) မကြာသေးမီက ဖြစ်ပွားခဲ့သော လူထုဆန္ဒဖော်ထုတ်ပြသပွဲတွင် မတရားဖမ်းဆီးခံခဲ့ရသောသူများကို ပြတ်လွတ်ပေးခဲ့သည်ဆိုသောလုပ်ရပ်၊

(၂) ရွှေတိဂုံဘုရား အပတ်စဉ် ရှိခိုးဆုတောင်းပွဲတွင် ပါဝင်သူများကို အဟန့်အတား၊ အနှောက်အယှက် မလုပ်တော့ဟူသောလုပ်ရပ်၊

(၃) အဓမ္မလုပ်အားပေးစေခိုင်းသူများက အိုင်အယ်အိုရုံးအား လွတ်လပ်စွာ တိုင်ကြားခွင့်ပြုလိုက်သည်ဆိုသော လုပ်ရပ်တို့ကို သံသယကြီးစွာဖြင့် စောင့်ကြည့်နေပါသည်။

နအဖစစ်အုပ်စုအနေဖြင့် နိုင်ငံတော်အား အမှန်တကယ်အကျိုးဖြစ်ထွန်းစေပြီး၊ ဂုဏ်သိက္ခာရှိစွာ၊ ငြိမ်းချမ်းစွာဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုသည်ဆိုပါက (၁) ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ ၊ ချက်ခြင်းပြန်လွတ်ပေးရန်။

(၂) အတုအယောင်အမျိုးသားညီလာခံနှင့် အကြံအဖန် ဖွဲ့စည်းပုံဥပဒေကို ဖျက်သိမ်းရန်။

(၃) ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်ဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အာဏာလွှဲအပ်ရန်

(၄) နအဖခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေ၏ သမီး မသန္တာရွှေ မင်္ဂလာပွဲ ဖော်ထုတ်ပြသခဲ့သော ပြည်သူတို့ထံမှ မတရား ခိုးဆိုးလုယက်ထားသည် ပြည်သူ့ဘဏ္ဍာငွေတို့ကို ပြန်လည်ပေးအပ်ရန်တို့ကို ချက်ခြင်းလုပ်ဆောင်ရန် မိမိတို့မှ တိုက်တွန်းအပ်ပါသည်။

မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများအဖွဲ့၊ ဂျပန်။